# လုံခြုံစိတ်ချရသောရွှေ့ပြောင်းနေထိုင်မှု

ကြာချိန်။ ။၁၂၀မိနစ်

<u>ရည်ရွယ်ချက်</u>

ဆွေးနွေးမှုအပြီးတွင်ပါဝင်ဆွေးနွေးသူများမှ

(၁) မြန်မာနိုင်ငံအပါအဝင်၎င်းတို့နှင့်ဆက်နွယ်နေသောပတ်ဝန်းကျင်ရှိလူကုန်ကူးမှုဖြစ်လေ့ဖြစ်ထရှိသည့်ပုံစံ၊ အကြောင်းတရားနှင့်အကျိုးဆက်များကိုနားလည်သဘောပေါက်ခြင်း။

(၂) သက်ဆိုင်ရာရပ်ကွက်လူမှုအဖွဲ့အစည်းအတွင်းအန္တရာယ်ဖြစ်နိုင်သောရွှေ့ပြောင်းနေထိုင်မှုအလေ့အကျင့်ပုံစံများကိုခွဲခြားဖေါ်ထုတ်နိုင်ခြင်း။

(၃) ပတ်ဝန်းကျင်ရှိလုံခြုံစိတ်ချရမှုမရှိသော ရွှေ့ပြောင်းနေထိုင်မှု၊ လူကုန်ကူးမှုဖြစ်ရပ်များ မဖြစ်ပေါ်မီနှင့် ဖြစ်ပေါ်နေစဉ် အချိန်အတွင်း သိရှိထားသောအချက်အလက်များကို အသုံးပြု၍မှန်ကန်သည့် ဆုံးဖြတ်ချက်ကို ချနိုင်ရန်။

<u>လိုအပ်သောပစ္စည်း</u>

ပါဝင်သူများအသုံးပြုလက်ကမ်းစာအုပ်

<u>အစီအစဉ်</u>

၁။ <u>အစီအစဉ်အစပြုရန်</u> (၁၅မိနစ်)

(က) ပါဝင်သူများကိုအောက်ပါမေးခွန်းများမေးရန်.

- တစ်နေရာရာကိုသွားရမယ်ဆိုရင်စိတ်ကူးထဲမှာဘယ်နေရာကိုသွားချင်လဲ။
- ဘာဖြစ်လို့အဲဒီနေရာကိုသွားချင်ရတာလဲ။

(ခ) ပို့ချသူမှပြောဆိုဆွေးနွေးလာသော နေရာများနှင့်ထိုနေရာကို ရွေးချယ်ရသည့်အကြောင်းများကို ခြုံငုံ၍ တူညီသောအကြောင်းပြချက်များကို စုစည်းပြပြီး၊ လူတိုင်းလူတိုင်းတွင် ကြားရမြင်ရသောအရာများကို မူတည်၍ အခြားနေရာတစ်ခုခုသို့ သွားရောက်ချင်စိတ်ရှိကြသည်မှာသဘာဝဖြစ်ကြောင်းရှင်းပြပါ။

၂။ <u>အဖွဲ့ခွဲ၍ဆွေးနွေးခြင်း</u> (၃၀မိနစ်)

(က) ပါဝင်သူများကိုအဖွဲ့ငယ်များခွဲ၍ တစ်ဖွဲ့ချင်းစီကိုအောက်ပါအကြောင်းအရာများဆွေးနွေးစေပြီး ရရှိသည့်အဖြေများကိုစာရွက်ကြီးများ (Flip chart paper) သို့မဟုတ်သင်ပုန်း (board) များပေါ်တွင်ရေးသားစေပါ။

| ရွှေ့ပြောင်းနေထိုင်မှုမပြုမီ<br>လူတစ်ယောက်(သို့မဟုတ်) မိဘများ၏မျှော်လင့်ချက်အိပ်မက်များ |
| --- |

| ☺ အိမ်မက်များတကယ်ဖြစ်လာသောအခါ | ☺ ☺ အိမ်မက်များပျက်စီးသွားသောအခါ ☺ |
|---|---|
| ဘာကြောင့်လဲ | ဘာကြောင့်လဲ |

- မိသားစု၊ သူငယ်ချင်း၊ ဆွေမျိုး၊အိမ်နီးချင်းတွေထဲမှာ တခြားနေရာတစ်ခုခုကို (ကျေးရွာ၊ မြို့၊ တိုင်းပြည်) သွားပြီးအလုပ်လုပ်တဲ့လူရှိလား (*ပါဝင်သူများကို လက်မြှောက်ပြ(သို့) မတ်တပ်ရပ်(သို့) ခုန်ပြရန်*)
- သူတို့ဘာလို့ တစ်ခြားနေရာသွားအလုပ်လုပ်တာလဲသိလား *(ပါဝင်သူတချို့တွင် မသိသူများရှိပါက အတင်းအကြပ်မေးရန်မလိုပါ )*
- သွားပြီးအလုပ်မလုပ်ခင် အဲဒီလူတွေနဲ့သူ့မိဘတွေရဲ့ မျှော်လင့်ချက်အိပ်မက်တွေကဘာလဲ။ မျှော်လင့်ချက်/ အိပ်မက်များကိုရေးရန်(သို့မဟုတ်) ပုံဆွဲရန်ရောက်စုံစက္ကူများကိုအသုံးပြုပါ။ (*ဖြေပေးရန် တွေဝေ နေပါက(သို့ )ရွှေ့ပြောင်းလုပ်ကိုင်သူများ မိသားစုတွင်မရှိပါက မေးခွန်းကို ဤသို့ပြောင်းမေးပါ... တခြားတိုင်းပြည်ကြီးမှာ အလုပ်သွားလုပ်တဲ့လူတွေရဲ့ မျှော်လင့်ချက်အိပ်မက်က ဘာဖြစ်မယ်ထင်သလဲ*)
- မျှော်လင့်ချက်/အိပ်မက်များနှင့်တကယ်တွေ့ကြုံရသည်များကိုကြားသိသမျှဝေမျှဆွေးနွေးပါ။ ရောင်စုံစက္ကူများကိုအသုံးပြုပါ။
- ဘာဖြစ်လို့စိတ်ကူးထားတဲ့အတိုင်းတကယ်မဖြစ်လာတာလဲ။ <u>ထိုအချက်များကိုသင်ပုန်း (board) ပေါ်တွင်ချရေးခိုင်းပါ။</u>

(ခ) ပို့ချမည့်သူမှအောက်ပါအတိုင်းရှင်းပြရန် ။

✓ ကမ္ဘာပေါ်မှာလူတွေဟာအကြောင်းအမျိုးမျိုးကြောင့် တခြားနေရာ(ဒေသ)တစ်ခုခုကို ရွှေ့ပြောင်းနေထိုင်ကြရတယ်။ (အဲဒီမှာ)တစ်ချို့ကတော့တွန်းပို့နေတဲ့အခြေအနေကြောင့် ရွှေ့ပြောင်းနေထိုင်ကြရတယ်။ ဥပမာ - ဆင်းရဲမွဲတေမှု (မိဘများမှ သားသမီးများ၏ စားဝတ်နေရေးကို ကောင်းမွန်စွာမထောက်ပံ့နိုင်ခြင်း) အလုပ်အကိုင် ရှားပါးမှု၊ သဘာဝဘေးအန္တရာယ်၊ မိသားစုပြဿနာ၊ နှိမ့်ချဆက်ဆံခြင်းခံရမှု၊ ပညာရည်နည်းပါးမှု၊ သူငယ်ချင်းမိတ်ဆွေများ၏ ဖိအားပေးခံရမှု၊ အကြမ်းဖက်ခံရမှု၊ မတရားခေါင်းပုံဖြတ်ခံရမှု အရွယ်မတိုင်မီအတင်းအကြပ်လက်ထပ်ရန်စေခိုင်းခြင်း။ တစ်ချို့ကတော့ ဆွဲဆောင်နေတဲ့အခြေအနေကြောင့် (ပိုမိုကောင်းမွန်တဲ့ အခြေအနေတွေဟာ လူတစ်ချို့အတွက် အခြားတစ်နေရာကို ရွှေ့ပြောင်းချင်လာအောင် ဆွဲဆောင်နေတာမျိုး) တခါတလေ ကိုယ်ရွှေ့ပြောင်းနေထိုင်ရမဲ့ နေရာရဲ့အခြေအနေမှန်ကို မသိတာကြောင့် မျှော်လင့်ထားတာနဲ့မတူတဲ့အခြေအနေမျိုးတွေ ဖြစ်လာနိုင်ပါတယ်။

✓ လူတိုင်းမှာအရမ်းလှတဲ့စိတ်ကူးယဉ်အိပ်မက်ဆိုတာရှိတယ်။ ဒါပေမဲ့လူတိုင်းရဲ့စိတ်ကူးယဉ်အိမ်မက်ကတော့ တကယ်မဖြစ်လာဘူး။ အခုဆိုရင်ဒီမှာစောစောကဆွေးနွေးထားတာကနေ ဘာလို့စိတ်ကူးအိပ်မက်ထဲကအတိုင်း မဖြစ်လာတာလဲဆိုတာသိပြီးပြီ။ ဒါကြောင့်အခုကိုယ့်ကိုယ်ကိုရော သူများတွေကိုပါရွှေ့ပြောင်းနေထိုင်တဲ့အခါ ဒီလိုပြဿနာတွေနဲ့မကြုံရအောင်ကာကွယ်နိုင်ဖို့နည်းလမ်းရှာကြရမယ်။

၃။ <u>ပုံပြင်။ ။ လိမ်မာပါးနပ်ဘေးကင်းစွာနေပါ</u> (၃ဂမိနစ်)

ပို့ချသူမှ ပါဝင်သည့်သူများကို ငါး၊ဂဏန်းနှင့်ကြိုးကြာအကြောင်းကို ရုပ်ပုံပြ၍ပြောပြပြီး အချက်အလက်များထည့်ခိုင်းခြင်းနှင့် ငါးနှင့်ဂဏန်းတွင်မည်သည့်နေရာတွင်ပါဝင်လိုသနည်းဟုမေးမြန်းပါ။



တစ်ခါတုန်းက ကိုဖြူဆိုတဲ့ကြိုးကြာတစ်ကောင်ရှိတယ်။ ကိုဖြူကရေကန်ကြီးထဲမှာနေသတဲ့။ သူ့ထက်သေးငယ်တဲ့အားနည်းတဲ့ ပုဇွန် ၊ ငါး ၊ဂဏန်းလေးတွေကို အမြဲတမ်းချောင်းနေတယ်။ အကြောင်းအမျိုးမျိုးကြောင့်ဒီကန်ထဲမှာနေနေရတာကို မကြိုက်တဲ့အကောင်လေးတွေလဲရှိတယ်..တစ်ချို့ကမိဘနဲ့အဆင်မပြေလို့၊ တစ်ချို့ကအလုပ်


မလုပ်ချင်လို့၊ တစ်ချို့ကသူတို့ညီအစ်ကိုမောင်နှမသူငယ်ချင်းတွေ နဲ့မတည့်လို့၊ တစ်ခါတစ်လေလည်းကန်ထဲမှာ အစာအလုံအလောက်မရှိတော့လို့ တစ်ခါတစ်လေလည်းကန်ထဲမှာ ရေနည်းသွားတာတို့ အမျိုးမျိုး ဖြစ်တတ်တယ်။ ဒီအခြေအနေ တွေကိုအကြံကြီးကြီးနဲ့စောင့်ကြည့်နေတဲ့လူကတော့သိတာပေါ့။



တစ်နေ့မှာကိုဖြူဟာ ကန်ထဲမှာနေရတာငြီးငွေ့ပြီး မပျော်တော့တဲ့ရွှေငါးဆီကို ချဉ်းကပ်လာခဲ့တယ်။ ပြီးတော့အခုနေတဲ့ကန်ထက် ပိုကြီးပြီးပိုလှတဲ့ကန်ကို သူပို့ပေးနိုင်တယ်လို့ပြောပြီး ပို့ပေးမယ်လို့ကတိပေးတယ်။ ကိုဖြူကကြည့်ရတာလည်း ခန့်ခန့်ညားညား သန့်ရှင်းသပ်ရပ်ပြီးဖြူဖွေးနေတော့ ရွှေငါးလေးက ယုံကြည်ရတဲ့လူလို့ထင်သွားပြီး ကြားရတဲ့သတင်းကို အရမ်းစိတ်လှုပ်ရှားသွားတယ်။ သူ့မိဘတွေကိုပြောရင် ခွင့်မပြုလောက်ဘူးဆိုတာကိုသိလို့ သူ့မိဘတွေနဲ့ အခြားသူတွေကိုတောင် မမေးပဲနဲ့ကိုဖြူနောက်ကို လိုက်ဖို့ချက်ချင်းပဲဆုံးဖြတ်ချက်ချလိုက်တယ်။



ကိုဖြူကရွှေငါးလေးကိုသူ့နှုတ်သီးလေးနဲ့ချီပြီးခေါ်သွားတယ်။ ဒါပေမဲ့အရမ်းလှတဲ့ရေကန်တော့မဟုတ်ဘူး။ သူ့ရဲ့ဗိုက်ထဲကိုပဲ ရွှေငါးကိုစားလိုက်တယ်။



တစ်ခါ နောက်နေ့မှာတော့ ကိုဖြူဟာပိုက်ဆာလာပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ကိုဖြူဟာ ဂဏန်းမလေးကိုချဉ်းကပ်ပြီး အရင်တစ်ခေါက်က ရွှေငါးလေးကိုပြောသလိုပဲပြောတယ်။ ဂဏန်းမလေးက သူ့အဖေနဲ့အမေကို ပြောဦးမယ်ဆိုတော့ ကိုဖြူက "မှောင်နေပြီးအချိန်မရှိတော့ဘူး အခုသွားရမယ်။ စိတ်မပူပါနဲ့ကွာ။ နင်မပျော်ရင်ပြန်ပို့ပေးမှာပါ။ နောက်ဆိုနင့်အဖေနဲ့အမေလည်း လိုက်လာချင်ရင် ငါပို့ပေးမယ်” လို့ ကတိပေးပြီးပြောတယ်။



ဂဏန်းမလေးလည်း ရလာတဲ့အခွင့်အရေးကို လက်လွှတ်မခံချင်တာရယ် ရေကန်ကလည်း တဖြေးဖြေးရေခန်းလာတာရယ်ကို စဉ်းစားပြီး ကိုဖြူနဲ့လိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် ဂဏန်းမလေးက ထက်မြက်တော့ ကိုဖြူရဲ့လည်ပင်းကို သူ့လက်မနဲ့ ညှပ်ပြီးလိုက်ပါရစေလို့ ခွင့်တောင်းတော့ ကိုဖြူကလည်းသဘောတူပြီးသူတို့ခရီးစကြတယ်။ လမ်းမှာ ဂဏန်းမလေးဟာ အားလုံးကိုစူးစမ်းလေ့လာပြီးနေတယ်။ ကိုဖြူက တောထဲမှာနားဖို့လည်းလုပ်ရော ဂဏန်းမလေးက ရေကန်ကြီးဆီကို မရောက်မချင်း ဆက်ပျံခိုင်းတယ်။ တကယ်တော့ ကိုဖြူပြောတဲ့ ရေကန်ဆိုတာ တကယ်မရှိဘူး။ ကိုဖြူလည်း ဘာလုပ်ရမလဲမသိဖြစ်လာပြီး ဂဏန်းမလေးကို ပျံရတာမောလွန်းလို့ နားချင်တယ်လို့ပြောတော့ ဂဏန်းမလေးက "ဒါဆိုရင်လည်း ဟိုရေကန်အဟောင်းကိုပဲပြန်ပို့ပေးပါ။ မဟုတ်လို့ရှိရင် လက်မနဲ့ညှပ်ထားတဲ့လည်ပင်းကို ဖြတ်ပစ်လိုက်မယ်"လို့ ပြောလိုက်တယ်။



နောက်ဆုံးတော့ ကိုဖြူလည်းကြံရာမရဖြစ်ပြီး ဂဏန်းမလေးကို သူ့ရေကန်အဟောင်းဆီပဲ ပြန်ခေါ်သွားရတော့တယ်။ သူ့ရေကန်ကိုလဲပြန်ရောက်ရော ဂဏန်းမလေးက ကိုဖြူ့လည်ပင်းကို မလွှတ်ပဲညှစ်ထားပြီး နောက်ကို တခြားအားနည်းတဲ့ အကောင်လေးတွေအပေါ်မှာ အခွင့်အရေးမယူတော့ပါဘူးလို့ တခြားအကောင်တွေရှေ့မှာ ဂတိပေးမှလွှတ်ပေးလိုက်တယ်။

ဂဏန်းမလေးလည်းသူဖြစ်ခဲ့သမျှ အကြောင်းတွေကို သူ့မိဘတွေ၊ သူငယ်ချင်းတွေနဲ့ တခြားရေကန်ထဲမှာနေတဲ့ အကောင် တွေကိုပါပြောပြပြီးအမြဲတမ်း **သတိရှိဖို့** ပြီးတော့ **ပါးနပ်စွာနေကြဖို့** သတိပေးတယ်။

<u>အမေးအဖြေကဏ္ဍ</u>

(၁) ဘယ်သူ ကိုဖြူ့ကိုသဘောကျလဲ။ ဘာဖြစ်လို့လဲ။

- ပို့ချသူမှ ပါဝင်သူများကို ကိုဖြူသည်ကိုယ့်အကျိုးအတွက်တခြားသူများကို အခွင့်အရေးယူတတ်သည့် လူဆိုးဖြစ်ကြောင်းရှင်းပြပြောဆိုရမည်။

(၂) ဘယ်သူ ရွှေငါးဖြစ်ချင်လဲ။ ဘာဖြစ်လို့လဲ။

- ပို့ချသူမှပါဝင်သူများကို ရွှေငါးသည်ဆုံးဖြတ်ချက်ကို လျှင်မြန်စွာမစဉ်းစားပဲ၊ ဖြစ်နိုင်ချေရှိမရှိမစဉ်းစားပဲ ချတတ်ပြီး ဆုံးဖြတ်ချက်မချမှီ စူးစမ်းလေ့လာမှုရှိသူများထံမှ အကြံဉာဏ်ကိုမယူတတ်သည့်သူများကို ကိုယ်စားပြုကြောင်းပြောပြရန်။

(၃) ဘယ်သူဂဏန်းမလေးဖြစ်ချင်လဲ။ ဘာဖြစ်လို့လဲ။

- ပို့ချသူမှပါဝင်သူများကို ဂဏန်းမလေးသည် ဆုံးဖြတ်ချက်ကို သတိနှင့်ချတတ်ပြီး မိမိကိုယ်ကိုပါးနပ်စွာပြင်ဆင်တတ်သောသူများကိုကိုယ်စားပြုပြီး ပိုအရေးကြီးတာကတော့ ဂဏန်းမလေးဟာသတ္တိရှိရှိ သူ့အကြောင်းကို တခြားလူတွေကို ပြန်ပြောသည့်အတွက် တခြားလူတွေလည်း သူ့ကိုနမူနာယူပြီး မကောင်းတဲ့လူတွေရဲ့အညာမခံရအောင် သူက ကူညီပေးပြီးသားဖြစ်သွားတယ်။

၄။ <u>အားလုံး(တစ်တန်းလုံး) အတူတကွဆွေးနွေးခြင်း</u>

(က) ပို့ချသူမှအောက်ပါမေးခွန်းများမေးရန်။

<u>ဒီပုံပြင်ထဲမှာ ဘယ်သူ့လုပ်ရပ်ကမှားလဲ</u>

<u>ကန်ထဲမှာရှိတဲ့သတ္တဝါလေးတွေလုံခြုံမှုရှိဖို့ ဘယ်သူ့မှာ တာဝန် ရှိသလဲ</u>

- ပါးနပ်သောဂဏန်းမလေးကို သင်ခန်းစာယူပြီး တခြားနေရာဒေသတစ်ခုခုကို သွားဖို့အတွက် ကိုယ့် ကိုယ်ကိုနဲ့သူများတွေကို စိတ်ကူးယဉ်အိပ်မက်ထဲကအတိုင်း ဖြစ်ဖို့ဘယ်လိုပြင်ဆင်ရမလဲဆိုတာ စဉ်းစားကြည့်ရအောင်။ တကယ်လို့ တစ်ယောက်ယောက်ကတခြားမြို့/တစ်နိုင်ငံမှာအလုပ်ပေးမယ် ဒါမှမဟုတ် နေစရာပေးမယ်ဒါမှမဟုတ် ပညာတော်သင်ဖို့ကျောင်းဆက်တက်ဖို့ အခွင့်အရေးပေးမယ်လို့ ပြောလာရင်ဘာလုပ်မလဲ။

(ခ) ပါဝင်သည့် သူများ၏ အဖြေကိုနားထောင်ပြီးနောက် ပို့ချသူမှ အောက်ပါအချက်များကိုရှင်းပြရန်။

တကယ်တော့ အခြေအနေကို အခွင့်ကောင်းယူတတ်တဲ့ ကိုဖြူလိုလူမျိုးတွေရဲ့လုပ်ရပ်ကသာမှားတာ။ လူတော်တော်များများကတော့ ရွှေငါးလေးနဲ့ ဂဏန်းမလေးလို တစ်မ်းတွေရဲ့ပြောစကားကိုယုံလွယ်ပြီး လွယ်လွယ်လိုက်သွားတတ်တဲ့သူတွေကို အပြစ်တင်တတ်ကြတယ်။ ဒါပေမဲ့ ကိုဖြူလိုလူမျိုးတွေကို ခလေးတွေနဲ့ တစ်ခြားသူတွေကို အခွင့်ရေးယူဖို့ မချဉ်းကပ်နိုင်အောင် တားဆီးပြီးသူတို့လိုလူတွေကိုပဲ အပြစ်တင်သင့်တယ်။

- ရွှေငါးလိုအလိမ်မခံရအောင် ကိုယ့်ကိုယ်ကိုကာကွယ်ဖို့နည်းလမ်းတွေ အများကြီးရှိတယ်။ ပါးနပ်မှုရှိမှ အန္တရာယ်ကင်းကင်း နေနိုင်မယ်၊ ကိုယ့်ကိုယ်ကိုနဲ့ ပတ်ဝန်းကျင်ကလူတွေကို အကာအကွယ်ပေးနိုင်မယ်။
- ကိုယ်ကိုယ်ကိုပြင်ဆင်ဖို့အဆင့်လေးဆင့်ရှိတယ်။

အဆင့်၁။ ။ ဆုံးဖြတ်ချက်ချခြင်း

အဆင့်၂။ ။ အိမ်ကမထွက်ခင်

အဆင့်၃။ ။ ခရီးသွားနေတဲ့ချိန်

အဆင့်၄။ ။ သွားချင်တဲ့နေရာခရီးလမ်းဆုံးကိုရောက်သွားတဲ့အချိန်

<u>ပုံပြင်ဖတ်ခြင်း</u>


(က) ပါဝင်သည့်သူများကို သူရရှိထားသောစာအုပ်ထဲမှ "ပါးနပ်မှုရှိပါဘေးကင်းစွာနေပါ" ပုံပြင်ကိုဖတ်ရန် အချိန်ပေးပါ။

(ခ) ပါဝင်သူများကို ပုံပြင်အားသေသေချာချာဖတ်ရန် သို့မှသာနောက်လာမည့်အချိန် ဆွေးနွေးမှုတွင် ကောင်းမွန်စွာ ပါဝင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း ပို့ချသူမှပြောပြရန်။

(ဂ) နောက်ထပ်နည်းလမ်းတစ်ခုအနေဖြင့် ပါဝင်သူများအား ပုံပြင်ကို အိမ်ရှိမိသားစုဝင်များကို ပြောပြဆွေးနွေးပြီး ရရှိလာသည့်အဖြေများကို နောက်နေ့တွင်သင်တန်းရှိတခြားပါဝင်သူများနှင့် ဝေမျှ ဆွေးနွေးရန်။

## ပုံပြင်၏ပထမပိုင်း " ဆုံးဖြတ်ချက်ချခြင်း "






ပုံပြင်၏ပထမပိုင်းနှင့်ပတ်သတ်၍အောက်ပါမေးခွန်းများကိုမေးပါ။ (သို့မဟုတ်) နောက်ထပ်နည်းလမ်းတစ်ခုအနေဖြင့် ပါဝင်သူများအား ပုံပြင်ပထမပိုင်းကို

အိမ်ရှိမိသားစုဝင်များကိုပြောပြဆွေးနွေးပြီးရရှိလာသည့်အဖြေများကို နောက်နေ့တွင် သင်တန်းရှိအခြားပါဝင်သူများနှင့် ဝေမျှဆွေးနွေးရန်။

- စုစုကဆုံးဖြတ်ချက်မချမီ သေသေချာချာစဉ်းစားခဲ့လား။ ဒါမှမဟုတ် အလောတကြီးလုပ်ခဲ့တာလား။
- စုစုကအခြားသူတွေနဲ့တိုင်ပင်ခဲ့သေးလား။ ဘယ်သူနဲ့တိုင်ပင်ခဲ့တာလဲ။
- စုစုရဲ့မိသားစုကစုစုကို အလုပ်ပေးမယ်လို့ပြောတဲ့သူကို အရင်ကသိခဲ့ဖူးလား။ သူ့အကြောင်းကိုပိုသိရအောင် ကြိုးစားခဲ့သေးလား။ ဘာတွေလုပ်ခဲ့လဲ။
- စုစုနဲ့သူ့မိဘတွေက စုစုဘေးကင်းမယ်၊ ဒီအလုပ်ကိုလုပ်နိုင်လိမ့်မယ်လို့ထင်လား။ ဘယ်လိုကြောင့်လဲ။
- စုစုရဲ့မိဘတွေဟာသူတို့ကိုပေးတဲ့ ကြိုတင်ငွေကိုယူခဲ့လား။ ဘာဖြစ်လို့လဲ။

(ဃ) ပို့ချသူမှ အောက်ပါအချက်များကိုရှင်းပြရန်။ သင်တန်းမှသိရှိလာသည့်အချက်များကို မိသားစုအား ပြန်လည်ဝေမျှရန်။ ပါဝင်သူများကိုအကြံပေးရန်။

- ✓ သင်နဲ့သင့်မိသားစုဟာ အိမ်ကနေအဝေးကိုသွားဖို့၊ တခြားတိုင်းပြည်တစ်ခုခုကို သွားဖို့လိုမျိုးကြီးမားတဲ့ ဆုံးဖြတ်ချက်ကို ချဖို့ဆိုရင် သတင်းအချက်အလက်ပြည့်ပြည့်ပြည့်စုံစုံ လိုအပ်တယ်။ ကြီးမားတဲ့ဆုံးဖြတ်ချက်ကိုချမယ်ဆိုရင် ရှုထောင့်မျိုးစုံကတွေးပြီး သတိကြီးကြီးထားရမယ်။ အတွေ့အကြုံရှိဖူးတဲ့လူတွေအကြံဉာဏ်ကောင်းကောင်း ပေးနိုင်တဲ့လူတွေနဲ့ စကားပြောကြည့်ရမယ်။
- ✓ မေးခွန်းများများမေးလေမှန်ကန်တဲ့ ဆုံးဖြတ်ချက်ချဖို့အချက်အလက်တွေပိုသိရလေပဲ။ မေးခွန်းများများမေးတဲ့လူကိုလူလိမ်တွေကကြောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့မှာအဖြေမရှိလို့၊ ဒါမှမဟုတ် သင်နဲ့သင့်မိသားစုတွေက ပါးနပ်ပြီးလွယ်လွယ်နဲ့လိမ်လို့မရလောက်ဖူးလို့ထင်သွားနိုင်ပါတယ်။
- ✓ ကိုဖြူ(ကြိုးကြာ)လိုပဲ ပြဿနာအမျိုးမျိုးကြောင့် အခက်တွေ့နေတဲ့ ကလေးတွေနဲ့ မိသားစုတွေကို ရှာနေတဲ့လူတွေရှိတယ်။ တစ်ခါတစ်လေလူလိမ်တွေဟာ သင့်ဆီကိုတိုက်ရိုက်မလာပဲ။ သင်နဲ့သင့်မိသားစုနဲ့သိတဲ့ ယုံကြည်ရတဲ့သူတွေကို သုံးပြီးချဉ်းကပ်တတ်တယ်။ လူအများစုဟာ သူတို့သိတဲ့ ရင်းနှီးတဲ့လူတွေရဲ့ အလိမ်ခံရတာများတယ်။ ဒါကြောင့်သူများကိုလွယ်လွယ်မယုံပါနဲ့။ ***<u>ယခင်ပုံပြင်မှ ပါဝင်ဆွေးနွေး ထားသည်များကို ပြန်လည်အသုံးပြုရန်။</u>***
- ✓ တစ်ခါတစ်လေမိဘတွေက သူတို့ကလေးတွေကို ကျောင်းထားပေးမယ်၊ နေစရာကောင်းကောင်းပေးမယ်လို့ ပြောတဲ့လူတွေဆီကိုပို့လိုက်ကြပေမယ့် နောင်မှကိုယ့်သားသမီး ကောင်းကောင်းမနေရ၊ ဆက်ဆံမခံရတာ၊ နှိပ်စက်ခံရတာ၊ ပေးထားတဲ့ကတိအတိုင်း မဟုတ်ပဲအတင်းအကြပ် အလုပ်လုပ်ခိုင်းတာတွေကို သိရတာမျိုးရှိတယ်။ ဒါကြောင့် မိဘတွေက ဆုံးဖြတ်ချက်မချခင် သေသေချာချာလေ့လာဖို့ လိုသလိုကလေးတွေကိုလည်း သူတို့ရဲ့အခွင့်အရေးဘာတွေရှိလဲ၊ အဲ့ဒီအခွင့်အရေးတွေမရရင် အကူအညီတောင်းရမယ်ဆိုတာတွေ သိထားဖို့လိုတယ်။
- ✓ တစ်ခါတစ်လေမှာ ကိုယ်လုပ်ချင်တာနဲ့ ကိုယ့်မိသားစုကလုပ်စေချင်တာ မတူတဲ့အခါတွေရှိတတ်တယ်။ အတင်းအကြပ်ဖိအားပေးခံရတယ်လို့ မခံစားရဖို့ ဆရာဆရာမ၊


လူကြီးတွေနဲ့ ကလေးတွေကိုကာကွယ်ပေးတဲ့ အဖွဲ့အစည်းတွေရဲ့ အကူအညီကိုယူပါ။ မိဘတွေကိုလည်း အဲဒီလိုလုပ်ဖို့အကြံပေးပါ။ မိဘတွေကအတင်းအကြပ်ဖိအားပေးတာမျိုးမလုပ်ရပါဘူး။

- ✓ လုပ်ငန်းရဲ့သဘောသဘာဝ၊ အလုပ်ချိန်၊ လုပ်ရမယ့်ရက်၊ ရမယ့်လစာ၊ လစာဖြတ်တာရှိမရှိ မေးပြီးအလုပ်ကို လက်ခံသင့်မခံသင့် သင်နှင့်သင့်မိသားစုဆုံးဖြတ်ပါ။ အကြောင်းပြချက်ကောင်း တစ်ခုခုတွေ့ရင် တခြားလူတွေနဲ့ ပွင့်ပွင့်လင်းလင်းပြောပြတိုင်ပင်ပါ။ သူတို့လည်း မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်ဖို့ကူညီပေးနိုင်ပါမယ်။
- ✓ မြန်မာနိုင်ငံ၏ ကလေးသူငယ်ဥပဒေ၊ အလုပ်သမားဥပဒေ စသည်တို့ကို လေ့လာထားရန်။
- ✓ အလုပ်ကိုလုပ်နိုင်မယ်မလုပ်နိုင်မယ် မသိခင်ကြိုတင်ငွေလက်ခံထားတာ အရမ်းအန္တရာယ်များတယ်။ အလုပ်မလုပ်နိုင်တဲ့အချိန်ကျရင် ပြန်ထွက်ဖို့ခက်လိမ့်မယ်။ တစ်ခါတစ်လေ အလုပ်ရှင်က အတိုးနဲ့ပိုက်ဆံ ပြန်တောင်းတဲ့အချိန် မိသားစုက ကြိုတင်ငွေကို သုံးလိုက်ပြီးသွားတာမျိုးလည်းဖြစ်တတ်တယ်။

## ပုံပြင်၏ ဒုတိယပိုင်း " အိမ်ကမထွက်ခင် "


ဒေါ်လေးမှုရဲ့ရန်ကုန်က မိတ်ဆွေတွေဆိုင်ကို သွားကြည့်တော့ သမီးအရွယ်မိန်းအလေး နှစ်ယောက်လည်း ဆိုင်မှာလုပ်နေတာအဆင်ပြေတယ်တဲ့။ သမီး ဒီအလုပ်လုပ်နိုင်မှာ သေချာလား။ အမေသမီးကို အတင်းမခိုင်းဘူး သမီးသဘောပဲ။
သမီးလုပ်နိုင်မယ်ထင်တယ် သမီးကြိုးစားမယ်။


ကျွန်မသူ့ကိုကောင်းကောင်းဂရုစိုက်ပြီး
အလုပ်လည်းသင်ပေးပါ့မယ်။
အိမ်ကိုလည်းပြန်ဆက်သွယ်ခွင့်ပေးမယ်။
ဒီမယ် သူ့ရဲ့ နှစ်လစာလုပ်အားခပါ။
ကျေးဇူးတင်ပါတယ်။ လခတော့ကြိုမယူထားတော့ပါဘူး။
ဟိုဖက်ရွာက ကောင်လေးတစ်ယောက်
သူ့မိဘတွေ ၆လစာလခ ကြိုယူထားမိလို့
သူအလုပ် ထွက်ချင်တော့ ထွက်လို့မရဖြစ်သွားတယ်။


တစ်ခါတစ်လေ အလုပ်သွားလုပ်တဲ့လူတွေကို ပြန်ဆက်သွယ်လို့မရတာမျိုးဖြစ်ဖူးတယ်။ အဲဒါကြောင့် ရှာကလူတွေလူကုန်ကူးခံရတာတို့၊ တခြားအနိုင်ကျင့်ခံရတာတို့ကို ကာကွယ်နိုင်အောင် ဒီလိုလုပ်ဖို့အကြံပေးထားကြလို့ပါ။
ဒီအလုပ်စာချုပ်ပြင်ဆင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်တို့စာချုပ်ကို မိတ္တူ တစ်စောင်ယူထားမယ်။ ပြီးတော့ အစ်မရဲ့မှတ်ပုံတင်ကို ဓါတ်ပုံရိုက်ထားခွင့်ပြုပါ။
လူတွေရွှေ့ပြောင်းအလုပ်လုပ်တာကို တားလို့မရပေမယ့် ဘေးကင်း လုံခြုံမှုရှိတဲ့ ရွှေ့ပြောင်း အလုပ်မျိုး ဖြစ်ဖို့သတိထားရမယ်
ကိစ္စမရှိပါဘူး။ ဒီလိုလုပ်တာ ကောင်းပါတယ်။

( င) ပုံပြင်၏ ဒုတိယပိုင်းနှင့်ပတ်သတ်ပြီးအောက်ပါမေးခွန်းများကိုမေးပါ။ (သို့မဟုတ်) နောက်ထပ်နည်းလမ်းတစ်ခုအနေဖြင့် ပါဝင်သူများအား ပုံပြင်ဒုတိယပိုင်းကို အိမ်ရှိမိသားစုဝင်များကိုပြောပြဆွေးနွေးပြီး ရရှိလာသည့်အဖြေများကို နောက်နေ့တွင်သင်တန်းရှိ အခြားပါဝင်သူများနှင့် ဝေမျှ ဆွေးနွေးရန်။

- စုစုအိမ်ကမထွက်သွားခင်သူနဲ့သူ့မိသားစုဘာတွေလုပ်လဲ။
- ဘာဖြစ်လို့ စာရွက်စာတမ်းတွေနဲ့ စာရွက်စာတမ်းတွေရဲ့မိတ္တူတွေယူသွားတာက အရေးကြီးလဲ။
- ဘာလို့ဓါတ်ပုံတွေကအရေးကြီးတာလဲ။
- မကောင်းတဲ့လူလိမ်တွေဟာသူတို့ကိုဓါတ်ပုံရိုက်ဖို့နဲ့ သူတို့ရဲ့မှတ်ပုံတင်/တခြားအထောက်အထားတွေကိုမိတ္တူကူးယူထားမယ်လို့ပြောရင်ခွင့်ပြုမယ်လို့ထင်သလား။

(စ) ပို့ချသူမှ အောက်ပါအချက်များကိုရှင်းပြရန်။ သင်တန်းမှသိရှိလာသည့်အချက်များကို မိသားစုအား ပြန်လည်ဝေမျှရန် ပါဝင်သူများကိုအကြံပေးရန်။

- ✓ သင်နဲ့သင့်မိသားစုက ယုံကြည်ရတဲ့ တာဝန်ရှိသူရပ်ကွက်၊ ကျေးရွာလူကြီး၊ စောင့်ကြည့်ကူညီတဲ့ အဖွဲ့အစည်း၊ ဘာသာရေးခေါင်းဆောင်တို့ကိုအသိပေးထားပါ။ ဒါမှတစ်ခုခုဖြစ်ခဲ့ရင် သူတို့က သင်နဲ့သင့်မိသားစုကို အရေးကြီးတဲ့သက်သေအနေနဲ့ ကူညီနိုင်မယ်။
- ✓ စာချုပ်(သို့) ကျောင်း၊ သင်တန်း၊ လက်ခံစာ/ ခရီးသွားဖို့လိုအပ်တဲ့ စာရွက်စာတမ်း၊ လက်မှတ်တွေကို သေသေချာချာစစ်ဆေးပါ ဒါမှသံသယရှိစရာကိစ္စတွေကို သတိထားမိမယ်။ လိုအပ်ရင် စာရွက်စာတမ်းတွေကို ဖတ်ပေးနိုင်မဲ့လူကို အကူအညီတောင်းပါ။ အဲဒီစာရွက်စာတမ်းတွေက ရဲအတွက်အရေးကြီးတဲ့ သက်သေ အထောက်အထားတွေလည်း ဟုတ်တယ်။
- ✓ ကိုယ်စားလှယ်၊ ပွဲစား၊ အလုပ်ရှင်ကိုဘာစီစဉ်ပေးထားလဲ၊ ဘာတွေလုပ်ခွင့်ရှိသလဲ မေးထားပါ(ဉပမာနေစရာ၊ အစားအသောက်၊ ပိတ်ရက်နှင့်အားလပ်ရက်၊ ဖုန်းခေါ်ခွင့်၊ မိဘဆွေမျိုးလာလည်လို့ရမရ) ကိုယ်လိုအပ်တာတွေကိုလည်း သူတို့ကိုအသိပေးထားပါ (ဉပမာ။ အစားအသောက်၊ ကိုယ် ဘာအစားအသောက်နဲ့မတည့်ဘူး၊ ဘာအသားစားလို့မရဘူး၊ ဆေးသောက်ဖို့ လိုအပ်လာရင် ဘာဆေးတွေသောက်ရသလည်း၊ ကျန်းမာရေးနဲ့ အခြားလိုအပ်ချက်များ) အဲဒါမှ သူတို့ကအဲဒီလို အပ်ချက်တွေ လုပ်ပေးနိုင်မလားမလုပ်ပေးနိုင်ဘူးလားစဉ်းစားလို့ရမယ်။
- ✓ ကြိုတင်ငွေယူဖို့ လိုအပ်လာရင်နှစ်ဖက်စလုံး စာချုပ်ချုပ်ပြီးလက်မှတ်ထိုးထားပါ။ အငြင်းအခုံ တစ်ခုခုဖြစ်လာရင် သက်သေအနေနဲ့ လိုအပ်လိမ့်မယ်။
- ✓ သွားရောက်အလုပ်လုပ်မဲ့သူရဲ့ ဓါတ်ပုံ(ဖုန်းနဲ့ရိုက်ထားပါ) သူတို့ရဲ့မှတ်ပုံတင် အခြားစာရွက်စာတမ်း တွေကိုလည်း ဓါတ်ပုံရိုက်ယူထားပါ(ရပ်ဝေးကိုသွားအလုပ်လုပ်နေတဲ့ သား/သမီးရဲ့ မကြာသေးခင်က ရိုက်ထားတဲ့ဓါတ်ပုံနဲ့မှတ်ပုံတင် အထောက်အထားတွေ မိဘတွေဆီမှာမရှိလို့ ပျောက်နေတဲ့သား၊ သမီးကိုရှာလို့မရ/မလွယ် တာတွေခဏခဏ ဖြစ်တတ်တယ်)
- ✓ ကိုယ်စားလှယ်၊ ပွဲစား၊ အလုပ်ရှင်ရဲ့မှတ်ပုံတင်၊ သဘောတူလက်မှတ်ထိုးထားတဲ့ စာချုပ် ဒါမှမဟုတ် အလုပ်ရှာဖွေပေးတဲ့ ကိုယ်စားလှယ်လုပ်ငန်း၊ အဖွဲ့အစည်း၊ ကျောင်း၊ နေရမဲ့ အဆောက်အဦးရဲ့ မှတ်ပုံတင်နံပါတ်တွေကို မိတ္တူတောင်း၊ ဓါတ်ပုံရိုက်ထားပါ(မဟုတ်တဲ့လူ လိမ်တွေ ဆိုရင်ပေးဖို့ငြင်းမှာပါ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေကိုအလွယ်တကူ ရှာတွေ့နိုင်မှာမို့ လို့ပဲ)။

တကယ်လို့ သူတို့ငြင်းလာခဲ့ရင် လူကုန်ကူးခံရနိုင်ဖို့ ဖြစ်နိုင်ချေများတာကြောင့် အလုပ်ကို လက်မခံပါနှင့်။

✓ စာရွက်တာတမ်းတွေ အကုန်လုံးမိတ္တူကူးပြီးတစ်စုံကို အိမ်မှာယူထားပါ။ တကယ်လို့တစ်ခုခု ဖြစ်ခဲ့မယ်ဆိုရင် အဲဒီဟာတွေကိုအရေးကြီးတဲ့သက်သေအထောက်အထားအဖြစ် လိုအပ်ပါတယ်။ ဒီလိုသက်သေတွေ ရှိရင်သူတို့ လိမ်လို့မရတော့ဘူး။

## ပုံပြင်၏ တတိယပိုင်း ” ခရီးသွားနေချိန် “

[illegible]


ELCOM
TO
MANDA
Y
မန္တလေး
မှ
ကြိုဆိုပါ၏
Aircon
BUS




(ဆ) ပုံပြင်၏ တတိယပိုင်းနှင့်ပတ်သတ်၍ အောက်ပါမေးခွန်းများကိုမေးပါ။ (သို့မဟုတ်) နောက်ထပ်နည်းလမ်းတစ်ခုအနေဖြင့် ပါဝင်သူများအား ပုံပြင်တတိယပိုင်းကို အိမ်ရှိမိသားစုဝင်များကို ပြောပြဆွေးနွေးပြီးရရှိလာ သည့်အဖြေများကို နောက်နေ့တွင် သင်တန်းရှိ တခြားပါဝင်သူများနှင့် ဝေမျှဆွေးနွေးရန်။

- ခရီးသွားနေတဲ့လမ်းတလျှောက်မှာစုစုဘာလုပ်ခဲ့လဲ။
- စုစုကဘာဖြစ်လို့လမ်းမှာတွေ့သမျှကိုအသေးစိတ်ကအစဂရုစိုက်ပြီးမှတ်ထားတာလဲ။
- ကိုယ်စားရမဲ့အစားအသောက်တွေကဘေးကင်းလားမကင်းလားဘယ်လိုသတိထားမလဲ။ ဘယ်လိုလုပ်မလဲ။

(ဈ) ပို့ချသူမှ အောက်ပါအချက်များကိုရှင်းပြရန်။ သင်တန်းမှသိရှိလာသည့်အချက်များကို မိသားစုအား ပြန်လည်ဝေမျှရန် ပါဝင်သူများကိုအကြံပေးရန်။

- ✔ လမ်းတစ်လျှောက် သေသေချာချာလေ့လာပါ၊ နှိုးနှိုးကြားကြားနေပါ ပိုပြီးဂေးဂေးရောက်လေ လွတ်မြောက်ဖို့ခက်လေပဲ။
- ✔ နေ့စွဲ၊ အချိန်၊ သွားတဲ့လမ်းကြောင်း၊ ဘစ်ကား/လှေ/လေယာဉ်/ သင်္ဘောနံပါတ်။ ကိုယ်စားလှယ်/ ပွဲစား/ ပို့ပေးတဲ့သူရဲ့နာမည်နဲ့ပုံစံ၊ နေရာ/ထင်ရှားတဲ့အရာ/ ပါတ်ဝန်းကျင် အကုန်လုံးကိုမှတ်ထားပါ။ အဲဒီအချက်အလက်တွေက တစ်ခုခုဖြစ်ခဲ့ရင် လိုက်ရှာဖို့နဲ့ကယ်ဖို့ရဲတွေအတွက်လိုအပ်တယ်။
- ✔ ဖြစ်နိုင်ရင် လမ်းကနေ(ကိုယ်ဘယ်ရောက်နေသလဲအိမ်ကသိရအောင်) အိမ်ကိုဖုန်းဆက်ပါ။ တကယ်လို့ လမ်းမှာအိမ်ကိုဖုန်းဆက်ဖို့ ခွင့်မပေးဘူးဆိုရင် ဒီလူတွေဟာဟိုကိုရောက်ရင် အိမ်နဲ့ဆက်သွယ်ခိုင်းမယ်ဆိုတာ ဘယ်လိုယုံရမှာလဲ။
- ✔ ဖြစ်နိုင်ရင် လမ်းမှာဓါတ်ပုံရိုက်ပြီး အိမ်ကိုပို့ပေးပါ။ လိုအပ်လာရင် အဲဒီဓါတ်ပုံတွေသုံးပြီး ဘယ်နေ ရာမှာလဲဆိုတာအလွယ်တကူ ရှာနိုင်တယ်။ တချို့လူတွေကဖုန်းဆက်ပြီး အကူအညီတောင်းဖို့အခွင့်အရေးရပေမဲ့ သူတို့ရှိနေတဲ့နေရာကို မပြောပြတတ်တော့ ကောက်ရိုးပုံထဲအပ်ရှာရသလိုပဲ။
- ✔ ပေးလာတဲ့အစားအသောက်တွေကို မစစ်ဆေးပဲဘယ်တော့မှ မသောက်မစားပါနဲ့။ ဆေးခတ်ခံရတဲ့ ကိစ္စတွေဖြစ်တတ်တယ်။ ဆိုင်ကနေချက်ချင်းမှာတဲ့ အစားအသောက်တွေကို ရွေးပြီး သေသေချာချာကြည့်ထားပြီးမှာစားပါ။
- ✔ တခုခုအမှားဖြစ်ခဲ့ရင် ဒါမှမဟုတ် သွားနေရင်းစိတ်ထဲမှာ တစ်ခုခုမှားနေတယ်လို့ ခံစားရရင်၊ ဒါမှမဟုတ် ပြောထားတဲ့အခြေအနေတွေနဲ့မတူညီတော့ရင် ဥပမာ ကတိပေးထားသလို မဟုတ်ပဲတရားမဝင်၊ ပုံမှန်မဟုတ်တဲ့ လမ်းကြောင်းကနေခရီးသွားတာတို့ လမ်းမှာပုန်းရတာတို့ရှိခဲ့ရင်အလိမ်ခံရဖို့၊ လူကုန်ကူးခံရဖို့အန္တရာယ်ရှိနေပါပြီ။ အဲဒီလိုအခြေအနေမှာဆို အကူအညီတောင်းနိုင်ဖို့ အခွင့်အရေးကိုရှာပါ။ ဥပမာ ရဲစခန်း၊ အစိုးရရုံး၊ NGO ရုံး၊ ကျောင်း၊ အာဏာပိုင်အဖွဲ့အစည်း ရုံးခန်းကိုရှာပါ။

## ပုံပြင်၏ စတုတ္ထပိုင်း " သွားချင်တဲ့နေခရီးလမ်းဆုံးရာကိုရောက်သွားတဲ့အချိန် "


ဒေါ်
မြန်မာထမင်းဆိုင်


ကျေးဇူးတင်ပါတယ်။
သမီးဒီမှာ လုပ်ရတာ
အဆင်ပြေပါတယ်။


အန်တီ စန္ဒာကို
အဲဒီမိန်းမကြီးအကြောင်း
ပြောပြထားတာ
ကောင်းမယ်ထင်တယ်။


လစာရယ်၊ ဘောက်ဆူးရယ်၊
အပိုဆုကြေးငွေ စုစုပေါင်းတစ်သိန်း၊
အိမ်ကို ၈ သောင်းပြန်ပို့မယ်။



(ည) ပုံပြင်၏ စတုတ္ထပိုင်းနှင့်ပတ်သတ်၍အောက်ပါမေးခွန်းများကိုမေးပါ။ (သို့မဟုတ်) နောက်ထပ်နည်းလမ်းတစ်ခုအနေဖြင့် ပါဂင်သူများအား ပုံပြင်စတုတ္ထပိုင်းကို အိမ်ရှိမိသားစုဂင်များကို

ပြောပြဆွေးနွေးပြီး ရရှိလာသည့်အဖြေများကို နောက်နေ့တွင်သင်တန်းရှိ တခြားပါဝင်သူများနှင့်ဝေမျှ ဆွေးနွေးရန်။

- ခရီးလမ်းဆုံးကိုရောက်သွားတဲ့အချိန်မှာစုစုဘာလုပ်လဲ။
- စုစုကဘာလို့သူ့ရဲ့လစာစာရင်း၊ လခနဲ့ဘောက်ဆူးဘယ်လောက်ရတာလဲဆိုတာရေးထားပြီးတခြားအချက်အလက်အထေ ာက်အထားအားလုံးကိုဘာလို့သိမ်းထားရတာလဲ။
- ခရီးလမ်းဆုံးကိုရောက်တာနဲ့လုံခြုံမှုရှိပြီးလို့စိတ်ချရပြီးထင်သလား။

(၄) ပို့ချသူမှအောက်ပါအချက်များကိုရှင်းပြပါ။ သင်တန်းမှသိရှိလာသည့်အချက်များကို မိသားစုအား ပြန်လည်ဝေမျှရန် ပါဝင်သူများကိုအကြံပေးရန်။

- ✔ အလုပ်ရဲ့လိပ်စာ၊ နာမည် အဆောက်အအုံပုံစံနဲ့နေထိုင်ရတဲ့နေရာ အနီးအနားမှာရှိတဲ့အဆောက်အအုံ အထင်ကရနေရာတွေကိုမှတ်ထားပါ ဒါမှအကူအညီလိုတဲ့ အချိန်မှာ အလွယ်တကူနေရာညွှန်ပြနိုင်မယ်။

- ✔ အိမ်နဲ့သူငယ်ချင်းတွေဆီကို မှန်မှန်အဆက်အသွယ်လုပ်ပါ။ အိမ်မှာကျန်ခဲ့တဲ့ မိသားစုတွေအတွက် အဆက်အသွယ် မှန်မှန်ရနေရင်စိတ်အေးရပြီး အဆက်အသွယ်ပြတ် သွားတာနဲ့ အန္တရာယ်တစ်ခုခုဖြစ်နေပြီးဆိုတာ ခန့်မှန်းနိုင်တယ်။ (ပါဝင်သူများအား အဆက်အသွယ်မည်သို့ ပြုလုပ်နိုင်မည်ကိုဆွေးနွေး စေပါ။ ဥပမာ ဖုန်းခေါ်ဆိုမှု၊ SMS ၊ Viber ၊ Line….)

- ✔ သူငယ်ချင်းတွေ အလုပ်ရှင်တွေနဲ့ရိုက်ထားတဲ့ဓါတ်ပုံတွေကို အိမ်ကိုပို့ပေးပါ။ အဲဒီပုံတွေကို တကယ်လို့တစ်ခုခုဖြစ်ခဲ့ရင် မိသားစုကသုံးနိုင်တယ်။

- ✔ မိသားစုသူငယ်ချင်းတွေနဲ့ အန္တရာယ်ရှိလာရင်အသိပေးဖို့ စကားဝှက်သတ်မှတ်ထားပါ။ တကယ်လို့ အိမ်ကိုဖုန်းခေါ်နိုင်ပေမဲ့ လွတ်လွတ်လပ်လပ် စကားပြောလို့မရတဲ့အခြေအနေ၊ ဒါမှမဟုတ် တစ်စုံတစ်ယောက်က အခြေအနေကောင်းကြောင်းအတင်းအကြပ်ဖိအားပေးပြီး ပြောခိုင်းတဲ့အခြေအနေမှာ စကားဝှက်ကိုပြောပြီး အသုံးပြုလို့ရတယ်။
- ✔ တခြားရွှေ့ပြောင်း အလုပ်လုပ်ကိုင်သူတွေနဲ့ ဆက်သွယ်စကားပြောပြီး သူတို့ရဲ့အတွေ့အကြုံ၊ အကြံပေးမှုကို နားထောင်ပါ။ တခြားသူများရဲ့အကူအညီနဲ့ အကြံပေးမှုကိုရယူပါ ဒါပေမဲ့ သူများကို အလွယ်တကူမယုံမိဖို့ သတိထားပါ။ ကိုယ့်ရဲ့အတွေ့အကြုံတွေကိုလည်း တခြားရွှေ့ပြောင်း အလုပ်လုပ်ကိုင်သူတွေကိုပြောပြကူညီပေးပါ။

- ✔ လူမှုကွန်ယက် တွေကနေအထောက်အကူပေးနိုင်မဲ့ ကူညီပေးနိုင်မဲ့ အဖွဲ့အစည်းတွေရဲ့ အချက်အလက်နဲ့ လူတွေကိုတွေ့နိုင်တယ်။

- ✔ လစာ စာရင်း၊ လစာရတဲ့နေ့ ဘယ်လောက်ရလဲ အကုန်လုံးမှတ်ထားသိမ်းထားပါ။ (အဲဒီဟာတွေကတကယ်လို့ လစာကိုအပြည့်မပေးရင် တရားမဝင်လစာဖြတ်ခဲ့ရင် အထောက်အထားအနေနဲ့ ပြန်သုံးလို့ရတယ်)။

- ✔ သက်သေခံကတ်ပြားကို သေသေချာချာထိမ်းသိမ်းပါ။ ဓါတ်ပုံရိုက်ထားပြီး အိမ်ကိုဖုန်းသုံးပြီး ဓါတ်ပုံပို့ပေးပါ။ သင်ဒါမှမဟုတ် တခြားတစ်ရောက်ရောက်မှာတစ်ခုခုဖြစ်လာခဲ့ရင် ဒီအချက်အလက်တွေကအရေးကြီးတယ်။

- ✔ တခြားလူတွေနဲ့ အဆင်ပြေအောင်နေပါ ဒါပေမဲ့ အရမ်းကောင်းတဲ့ ကမ်းလှမ်းချက် တွေပေးလာတဲ့ သူငယ်ချင်းနဲ့ လူတွေကိုတော့ သတိထားပါ။ အများအားဖြင့် အလိမ်ခံရတဲ့ လူတွေဟာသူတို့ယုံကြည်ရတဲ့လူရဲ့အလိမ်ခံရတာများတယ်။

- ✔ ကိုယ့်ရဲ့ စိတ်ကူးအိပ်မက်၊ ရည်ရွယ်ချက်တွေကိုမမေ့ပစ်ပါနဲ့

## ၆။ <u>လုံခြုံစိတ်ချရသောရွှေ့ပြောင်းနေထိုင်မှုအတွက် ပြင်ဆင်ရန်ဆွေးနွေးခြင်း</u>

(က) ပို့ချသူမှ အောက်ပါမေးခွန်းကိုမေးပါ။ "စုစုနဲ့မိသားစုတွေဟာ ဖြစ်လာနိုင်တဲ့ အန္တရာယ်တွေကို ကာကွယ်ဖို့ လိမ္မာပါးနပ်မှုရှိတယ်ထင်လား။ စုစုလိုပဲတခြားလူတွေကောဒီလိုလုပ်သင့်တယ်လို့ ထင်သလား။"

(ခ) ဆွေးနွေးချိန် တစ်လျောက်လုံးမှာပို့ချသူမှ ပါဝင်ဆွေးနွေးသူများကို တတ်တက်ကြွကြွပါဝင်မှုနဲ့ ကောင်းမွန်တဲ့ ဆွေးနွေးချက်တွေအတွက် ချီးကျူးဂုဏ်ပြုစကားပြောပေးပါ။

### Trafficking of Children

Scenario 2

ရုပ်ပုံ ၂။ ။ ကလေးကို ကတိပေးထားတဲ့အတိုင်း ကျောင်းမတက်ရတဲ့အပြင် အိမ်အလုပ်တွေကိုလုပ်ခိုင်းပြီး မိသားစုနဲ့လည်း ဆက်သွယ်ခွင့်မရလို့ အိမ်ပြန်ဖို့ ခွင့်တောင်းနေပုံ

(က) ပို့ချသူမှ အောက်ပါမေးခွန်းကိုမေးပါ။ စုစုနဲ့မိသားစုတွေဟာ ဖြစ်လာနိုင်တဲ့အန္တရာယ်တွေကို ကာကွယ်ဘို့အတွက် မဖြစ်မနေတခြားနေရာတစ်ခုကို ရွှေ့ပြောင်းနေထိုင်ရမယ်ဆိုရင် စုစုလိုပဲလုပ်သင့် တယ်လို့ ထင်ပါသလား။

## <u>ကလေးသူငယ်လူကုန်ကူးမှု</u>

**<u>ရည်ရွယ်ချက်</u>**

ဆွေးနွေးမှုအပြီးတွင် ပါဝင်ဆွေးနွေးသူများမှ ကလေးသူငယ်များကို လူကုန်ကူးခြင်းနှင့်ပတ်သက်၍ ကလေးသူငယ် လူကုန်ကူးခံရလျှင် သို့မဟုတ် ကလေးသူငယ်လူကုန်ကူးခံရနိုင်မည့်အခြေနေနှင့် ကြုံခဲ့ပါက မိသားစုမှမည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းရမည်ကို နားလည်သဘောပေါက်လာနိုင်ရန်။

**လိုအပ်သောပစ္စည်း**

ပါဝင်သူအသုံးပြုသည့် လက်ကမ်းစာအုပ်

**<u>အစီအစဉ်</u>**

၁။ အားလုံးအတူတကွဆွေးနွေးခြင်း (၁၅မိနစ်)


ပို့ချသူမှပါဝင်သူများအား မတူညီသည့်ရည်ရွယ်ချက်၊ အကြောင်းအရာအမျိုးမျိုးကြောင့်

(က) ရွှေ့ပြောင်းနေထိုက်မှုမပြုမီ ခရီးသွားနေစဉ်နှင့် ရွှေ့ပြောင်းနေထိုင်မှုပြုပြီး လုပ်ဆောင်ရမည့် အချက်အလက်များနှင့် အသုံးပြုရမည့် အချက်အလက်များကို လေ့လာသင်ယူခဲ့ပြီး ယခုတွင်ကလေးသူငယ်လူကုန်ကူးမှုကို လေ့လာသင်ကြားမည် ဖြစ်ကြောင်းပြောပြရန်။


(ခ) လူကုန်ကူးမှု ၊

ကလေးသူငယ်လူကုန်ကူးမှုနှင့်ဆိုင်သည့် လက္ခဏာရပ်များကို အောက်ပါဇယား၊ ရုပ်ပုံဖြင့်ရှင်းပြရန်

<u>Combinations of the 3 elements is HUMAN TRAFFICKING (for anyone 18 years and above)</u>




<u>Combinations of only 2 elements is CHILD TRAFFICKING (for anyone under 18 years)</u>



၂။ အဖွဲ့ခွဲ၍ ဆွေးနွေးခြင်း (၃၀မိနစ်)

ပို့ချသူမှ ပါဝင်သူများကို အခြေအနေပြရုပ်ပုံများကိုကြည့်စေ၍ အားလုံးအတူတကွဖြစ်စေ၊ အဖွဲ့ခွဲ၍ဖြစ်စေဆွေးနွေး၍ မေးခွန်းများကိုဆွေးနွေးစေရန် (မှတ်ချက်။ ။ ပို့ချသူမှအခြေနေပေါ်မူတည်၍ ဆင်ခြင်စဉ်းစားရန်)

အမျိုးသမီးတစ်ယောက်က အဲဒီကောင်လေးကို လစာ ၃၀,၀၀၀ ကျပ်နဲ့ လက်ဖက်ရည်ဆိုင်မှာ တအားမပင်ပန်းပဲ အလုပ်လုပ်ရမယ်လို့ကတိပေးပြီး သူ့မိဘတွေဆီကနေခေါ်လာတယ်။ တကယ်တော့ လခက ၅၀,၀၀၀ကျပ်ရပြီး ခေါ်လာပေးတဲ့အဒေါ်ကြီးက တစ်လစာလခ၆၀၀,၀၀၀ကျပ်ယူပြီး ပျောက်သွားတယ်။ ကောင်လေးကတော့ ပင်ပင်ပန်းပန်း အလုပ်လည်းလုပ်ရတယ်။ အစာလည်းကောင်းကောင်းမစားရဘူး။ ပြီးတော့ အမြဲလည်း အဆူခံရပြီး ဆိုင်မှာအလုပ်လုပ်နေရတယ်။ အဒေါ်ကြီးကတော့ မဆက်သွယ်တော့ဘူး ကောင်လေးရဲ့မိဘတွေ ဆီကိုလည်း ပိုက်ဆံပြန်မပို့ပေးဘူး။

**အခြေအနေပြရုပ်ပုံ ၁။ ။**





**<u>အောက်ပါမေးခွန်းများကို ပို့ချသူမှမေးရန်။</u>**

- ဒီလိုအခြေအနေမျိုးကြုံတွေ့ရတဲ့ ကလေးတွေကို တွေ့ဖူးကြားဖူးလား။
- ဘယ်သူက မဟုတ်တာလုပ်နေတဲ့လူ၊ ခေါင်းပုံဖြတ်တဲ့လူလို့ထင်လဲ။ ဘာဖြစ်လို့လဲ။
- အဲဒီကောင်လေးကို ခေါင်းပုံဖြတ်တဲ့နေရာမှာဘယ်လို နည်းစနစ်တွေသုံးခဲ့သလဲ။
- အဲဒီအခြေအနေမှာ အဲဒီကောင်လေး ဘာလုပ်နိုင်မလဲ။ မိဘတွေ ဘာလုပ်နိုင်မလဲ။ တခြားဘယ်သူတွေကရော ဘယ်လိုအကူညီပေးနိုင်မလဲ။

**အခြေအနေပြရုပ်ပုံ ၂။ ။**

ဒီကလေးတွေက လေမုန်တိုင်းကြောင့် သူတို့အဖေရော၊ အမေရောသေသွားတယ်။ လူမှုရေးတွေ လုပ်နေတဲ့အမျိုးသမီးတစ်ယောက်က ရွာလူကြီးကို ကလေးတွေကိုသူခေါ်သွား စောင့်ရှောက်ပေးပြီး ကျောင်းထားပေးမယ်လို့ပြောတယ်။ ဒါပေမဲ့ တကယ်တော့သူတို့တွေဟာ ကျောင်းမတက်ရဘူး။ တရုတ်ပြည်နယ်စပ်မှရှိတဲ့ မြို့တစ်မြို့ကို ပို့ခံလိုက်ရတယ်။ မိန်းကလေးကအိမ်အကူ အလုပ်လုပ်နေရပြီး ယောကျာ်းလေးကတော့ ခေါက်ဆွဲဆိုင်မှာ အလုပ်လုပ်ရတယ်။



<u>**အောက်ပါမေးခွန်းများကို ပို့ချသူမှမေးရန်။**</u>

- ဒီလိုအခြေအနေမျိုးကြုံတွေ့ရတဲ့ ကလေးတွေကို တွေ့ဖူးကြားဖူးလား
- ဘယ်သူက မဟုတ်တာလုပ်နေတဲ့လူ၊ ခေါင်းပုံဖြတ်တဲ့လူလို့ထင်လဲ။ ဘဖြစ်လို့လဲ။
- အဲဒီကောင်လေးကို ခေါင်းပုံဖြတ်တဲ့နေရာမှာဘယ်လို နည်းစနစ်တွေသုံးခဲ့သလဲ။
- အဲဒီအခြေအနေမှာ အဲဒီကောင်လေး ဘာလုပ်နိုင်မလဲ။ မိဘတွေ ဘာလုပ်နိုင်မလဲ။ တခြားဘယ်သူတွေကရောအကူညီပေးနိုင်မလဲ။


**အခြေအနေပြရုပ်ပုံ ၃။ ။**



မိန်းမငယ်လေးကို စားသောက်ဆိုင်ပိုင်ရှင်က ယောက်ျားကြီးတစ်ယောက်ကို ဖျော်ဖြေခိုင်းပြီး အဲဒီယောက်ျားကြီး နောက်ကိုလိုက်သွားဖို့ အတင်းအကြပ်ခိုင်းခံရတယ်။ တကယ်တော့သူမကို ယိုးဒယားနယ်စပ်မြို့က စားသောက်ဆိုင်မှာ သန့်ရှင်းရေးလုပ်ရမယ်လို့ ပြောပြီးခေါ်လာတာ။ ဒီလိုအရက်ရောင်းပြီး တည်းခိုခန်းပါ တွဲဖွင့်ထားတဲ့ဆိုင်မှာ အလုပ်လုပ်ရမယ်ဆိုတာမသိခဲ့ဘူး.

**အခြေအနေပြရုပ်ပုံ ၄။ ။**

ကောင်ကလေးကို နိုင်ငံခြားသားတွေနောက်လိုက်သွားဖို့ အခိုင်းခံရတယ်။ အဲဒီကောင်လေးကတော့ ဒီနိုင်ငံခြားသားတွေဟာ ယောက်ျားကလေးတွေကို လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်စော်ကားတတ်တဲ့ လူတွေဆိုတာ မသိဘူး။




၃။ ပို့ချသူမှပေးလာသည့်အဖြေများကို ဂရုစိုက်နားထောင်ပြီး မှန်ကန်သောအဖြေ၊ ကောင်းမွန်သော အကြံဉာဏ်များကို ထောက်ပြချီးကျူးပေးရန်။ လိုအပ်ပါက အောက်ပါအချက်အလက်များကို ဖြည့်စွက်ပေးရန်။

- ✓ ဟုတ်တယ်အဲဒါဟာကလေးသူငယ်အခွင့်အရေးကို ချိုးဖောက်တာပဲ။ လူကုန်ကူးမှုဥပဒေ၊ ကလေးသူငယ်နဲ့ဆိုင်တဲ့ ဥပဒေနဲ့ ပြစ်မှုဆိုင်ရာဥပဒေအရ ရာဇဝတ်မှုမြောက်တယ်။ ဥပဒေအရာရှိတွေက အပြစ်ရှိမရှိဆုံးဖြတ်ပြီး လိုအပ်တဲ့အရေးယူဆောင်ရွက်မှုကို လုပ်လိမ့်မယ်။
- ✓ တကယ်လို့ သင်နဲ့သင့်မိသားစု ရပ်ကွက်ကျေးရွာလူကြီးတွေအားလုံး တခြားနေရာကို မသွားခင် သေသေချာချာ စဉ်စားပြီးပြင်ဆင်မှုတွေလုပ်ခဲ့မယ်ဆိုရင် ဒီလိုအခြေအနေတွေကနေ ရှောင်လွှဲနိုင်လိမ့်မယ်။ ဒါတောင်မှပဲ ဘယ်လောက်ပဲစိတ်ချရအောင် ပြင်ဆင်ထားပြီးရင်တောင် တစ်နယ်တကျေးရောက်တဲ့အခါ ဒီလိုမျိုးကြုံတွေ့ရနိုင်ပါတယ်။ အရှေ့ကရွှေ့ပြောင်းနေထိုင်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးတုံးကလိုပဲ ရွှေငါးဟာ ကိုဖြူလို့ခေါ်တဲ့ ကြိုးကြာရဲ့လယ်ပင်းကိုညှပ်ပြီး ခြိမ်းခြောက်ဖို့လက်မ မရှိဘူး။ ဒါကြောင့် လူတိုင်းကိုယ့်ရဲ့အားနည်းချက်ကိုသိ၊ အားသာချက်ကိုအသုံးချပြီး ဆုံးဖြတ်ချက်ချရမယ်။
- ✓ ကလေးတွေကို ခေါင်းပုံဖြတ်ပြီး ပိုက်ဆံ(သို့)တခြားအကျိုးအမြတ်ရချင်တဲ့ လူတွေဟာ ဒီလိုအလုပ်ကို စီးပွားဖြစ်လုပ်နေတာကြောင့် အဲဒီလူဆိုးတွေဟာ ပါးနပ်ကြတယ်။ အဲဒီတော့ အရင်ဆုံးကလေးနဲ့ကလေးရဲ့ မိသားစုဝင်တွေဆီက ယုံကြည်မှုရဖို့ ခေါ်သွားတဲ့လမ်းတစ်လျှောက်ဒါမှမဟုတ် ရောက်ပြီးရက်အနည်းငယ်၊ သီတင်းပတ်အနည်းငယ်အထိ ဟန်ဆောင်ပြီးကောင်းကောင်းမွန်မွန် ဆက်ဆံပြနိုင်တယ်။
- ✓ တချို့ကိစ္စတွေမှာဆိုရင် ပထမဆုံးလူစုပေးတဲ့လူတွေဟာ မကောင်းတဲ့ အကြံအစည်မရှိကြဘူး။ သူတို့ကိုယ်တိုင်က ဟိုရောက်ပြီးတဲ့အခြေအနေကို မသိကြတာမျိုးလဲရှိတယ်။ တခြားတစ်ယောက်ယောက် ဒါမှမဟုတ် နောက်ဆုံးကလေးကို လက်ခံတဲ့လူကသာ ကိုယ့်အကျိုးအတွက် ကလေးတွေကို ခေါင်းပုံဖြတ်တဲ့လူဖြစ်နေနိုင်တယ်။

- ✓ အဲဒါကြောင့် မိသားစုဝင်တွေနဲ့ ကူညီပေးနိုင်မယ့်အဖွဲ့အစည်းတွေရဲ့ ဖုန်းနံပါတ်တွေကို ဆောင်ထားပါ။ ဖြစ်နိုင်ရင် အလွတ်ကျက်ထားဖို့လိုတယ်။
- ✓ မိသားစုဝင်တွေကလည်း ကိုယ့်ကိုပုံမှန်အဆက်အသွယ်လုပ်ဖို့ အရေးကြီးတယ်။ သူတို့က အဆက်အသွယ်လုပ်လို့ မရတော့ရင်ဖြစ်ဖြစ် တစ်ခုခုဖြစ်နေပြီလို့ သံသယဝင်လာရင်ပဲဖြစ်ဖြစ်ကူညီပေးနိုင်မယ်သူတွေဆီက အကူအညီနဲ့ အကြံဉာဏ် မြန်မြန်တောင်းဖို့လိုတယ်။ ရဲစခန်းနဲ့ ကလေးသူငယ်စောင့်ရှောက်ရေးအဖွဲ့တွေကိုလည်း ချက်ခြင်းအကြောင်း ကြားရမယ်။
- ✓ အကယ်၍သင်ဟာ ကိုယ်မလုပ်ချင်တဲ့၊ ရှက်ဖို့ကောင်းတဲ့၊ ခက်ခဲတဲ့ အလုပ်တစ်ခုခုကို အတင်းအကြပ် အနိုင်ကျင့်ပြီး အခိုင်းခံရလို့ရှိရင် အဲဒါသင့်အဖြစ်မဟုတ်ဘူး၊ ကိုယ်ကိုယ် တိုင်အပြစ်တင် စရာမလိုဘူး၊ ရှက်နေစရာမလိုဘူးဆိုတာ သတိယပါ။ ကြိုးကြာကိုဖြူလို မဟုတ်တာလုပ်တဲ့ လူတွေမှာပဲ တာဝန်ရှိပြီး သူတို့တွေပဲအပြစ်ပေးခံရသင့်တယ်။
- ✓ ဘယ်တော့မှ အရှုံးမပေးနဲ့ ဂဏန်းမလေးလိုပဲ လွတ်မြောက်မဲ့လမ်းကိုရှာပါ။
- ✓ စိုးရိမ်၊ ကြောက်ရွံ့မနေပါနဲ့ ဒီလိုအခြေအနေမျိုးကို ဖြတ်ကျော်လာတဲ့ ကလေးတွေကို စောင့်ရှောက်ကူညီပေးချင်တဲ့လူအများကြီးရှိတယ်။
- ✓ ဒီလိုအခြေအနေကို ကြုံတွေ့လာရတဲ့ကလေးတွေဟာ အကူအညီလိုအပ်တယ်... သင်တို့လဲကိုယ်ရဲ့ဂရုစိုက်မှု၊ မေတ္တာပြမှုတွေနဲ့ ကူညီနိုင်သလို၊ သူတို့ရဲ့အခြေအနေကို သတင်း ပေးခြင်း၊ အတူဆော့ပေးခြင်း၊ စာကူလုပ်ပေးခြင်းတွေနဲ့လဲ ကူညီနိုင်တယ်။

**<u>အားလုံးအတူတကွဆွေးနွေးခြင်း</u>**

(က) ပို့ချသူမှပါဝင်သူများအား အကူအညီတောင်းနိုင်မည်(သို့မဟုတ်)အကောင်းမှုပြုသူများကို တိုင် ကြားနိုင်မည့် အဖွဲ့အစည်းများနှင့် ထိုအဖွဲ့အစည်းများ၏ ဖုန်းနံပါတ်များကို သိမသိမေးပါ။

(ခ) ပို့ချသူမှ အဖွဲ့အစည်းများ၏အမည်နှင့် ဖုန်းနံပါတ်များကိုပြောပြရန် လူကုန်ကူးမှုတိုက်ဖျက်ရေး အရေးပေါ်ဖုန်းနံပါတ်များ - 0949555666, 0949555777, 0949555888, 0949555999 နှင့် လူကုန် ကူးခံရသူများအတွက် သတင်းအချက်အလက်မျှဝေရေးစင်တာ - 01666619 အပါအဝင် ကလေးသူငယ် ကာ ကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများ၏ ဖုန်းနံပါတ်များ။

(ဂ) ပို့ချသူမှ ပါဝင်သူများကို ဖုန်းနံပါတ်များ ပြန်ရွတ်ဆိုခိုင်းပြီး သင်တန်းမှသိရသည်များကို မိသား စုဆွေမျိုးသူငယ်ချင်းများနှင့် မျှဝေရန်တိုက်တွန်းပါ။

မှတ်ချက်။ ။ ပို့ချသူမှ လက်ရှိကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အဖွဲ့အစည်းများနှင့်သင် တန်းပို့ချရာဒေသရှိ DSW ရုံးများနှင့်ဆိုင်သော အချက်အလက်များ (ထိုနေရာများ၏တည်နေရာနှင့်ဖုန်းနံ ပါတ်)ကို ပါဝင်သူများအားဝေမျှရန်။